# ရေဖုံးလွှမ်းမှုကို ခုခံတွန်းလှန်ခြင်း

ဧရာဝတီမြစ်ပေါ်ရေကာတာများ အကြီးအကျယ်ဆောက်လုပ်ခြင်းအပေါ်
ဒေသခံလူထုက ဆန့်ကျင်အံ့တုခြင်း။



ကချင် ဒဏ္ဍာရီပုံပြင် အဆိုအရ မြစ်ဆုံဒေသကြီးသည် ဖခင် နဂါးမင်းကြီးနှင့် နဂါး
ညီနောင် ခရိုင်ဂမ် နှင့် ခရိုင်နော်တို့ ပျော်မွေ့ရာ နေရာဖြစ်သည်။
ဝန်ပေါင်ကချင်မျိုးနွယ်စုတို့၏ ယဉ်ကျေးမှုသမိုင်းကြောင်း ယုံကြည်ချက်အရ
နဂါးကြီးများနေရာ ပြောင်းရွှေ့ပါက အံ့ဩကြောက်မက်ဖွယ် ဆိုးဆိုးဝါးဝါး
ရေကြီးစေပြီး ထွက်ပေါက်ရှာကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။

KDNG
Kachin Development Networking Group

၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေသည်။
ဤအကြောင်းနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ www.burmariversnetwork.org
တွင် ဖတ်ရှုနိုင်ပါသည်။

ဆက်သွယ်ရန် – kdngchn@gmail.com

# KDNG ၏ သတင်းစကား

ကချင်ပြည်နယ်သူ ပြည်နယ်သားများ၏ ကွန်ယက်တခုဖြစ်သော မိမိတို့ ကချင်လူမှုဖွံ့ဖြိုးရေး ကွန်ယက်အဖွဲ့ (**Kachin Development Networking Group**) အနေဖြင့် တရုတ်အစိုးရပိုင် တရုတ်စွမ်းအင်ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာစစ်အစိုးရ ပူးပေါင်း၍ ဧရာဝတီမြစ်ပေါ်နှင့် မြစ်လက်တက်ကြီး နှစ်ခုတွင် ရေကာတာ (၇) ခု တည်ဆောက်မည့် စီမံကိန်းကို စဉ်ဆက် မပြတ်စောင့်ကြည့် နေခဲ့ရာ၊ ၂၀၀၇ ခုနှစ်တွင် **Damming the Irrawaddy** အစီရင်ခံစာကို ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာတွင် ၎င်းရေကာတာများ ဆောက်လုပ်မည့် ဒေသအတွင်း ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို စစ်တမ်းကောက်ယူချက်များနှင့် ရေကာတာ ဆောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများအား ဆန်းစစ် လေ့လာမှုများကို ဖော်ပြခဲ့သည်။


ယနေ့အချိန်အခါတွင် မေခမြစ်ပေါ်၌ မဂ္ဂါဝပ် ၂၀၀၀ ဓါတ်အားရှိသော ချီဖွေ (**Chibwe**) ကို တည်ဆောက်နေပြီဖြစ်သည်။ ဧရာဝတီမြစ်ဆုံရေကာတာကြောင့် ရေလွှမ်းမိုးနိုင်သည့် ဒေသများအား ရှင်းလင်းရန် ပြည်သူပေါင်း ၁၅၀၀၀ ကျော်အား အတင်းအဓမ္မရွှေ့ပြောင်းခြင်း မှာလည်း စတင်နေပြီးဖြစ်သည်။ ၂၀၀၉ ခုနှစ် ဩဂုတ်လက ရွာသားများကို ၂ လအတွင်း ဒေသမှ ထွက်ခွာရမည်ဟု အမိန့်ပေးထားခဲ့သည်။ ဤရေကာတာ စီမံကိန်းနှင့် ပတ်သက်၍ ပြည်သူလူထု၏ ဆုံးရှုံးနစ်နာမှုဆိုင်ရာ လေ့လာချက်မျိုး မည်သည့်အခါမှ လုပ်ဆောင်ခဲ့ခြင်း မရှိသည့်အပြင် ရေဖုံးလွှမ်းခြင်းခံရမည့်ဒေသနှင့် မြစ်အောက်ပိုင်းဒေသ အတွင်းရှိ ပြည်သူ များနှင့် ဆွေးနွေးတိုင်ပင်ခြင်းကို သော်လည်းကောင်း၊ ဒေသခံပြည်သူများ၏ သဘောထား ရယူခြင်း၊ မြန်မာပြည်သူများအားလုံး၏ သဘောထားရယူခြင်းများကိုသော်လည်းကောင်း လုပ်ဆောင်ခဲ့ခြင်း လုံးဝမရှိခဲ့ပေ။

ထို့ကြောင့် ရေကာတာများတည်ဆောက်ခြင်းအပေါ် လူထုဆန့်ကျင်အံ့တုမှု ပို၍ကြီးထွား လာသည်။ စစ်တပ် အုပ်စိုးသော မြန်မာနိုင်ငံ၌ ဆန့်ကျင်ကန့်ကွက်ခြင်းကြောင့် ဖမ်းဆီးခံရမှု၊ နှိပ်စက်ခံရမှုနှင့် အသက်ဆုံးရှုံးရသည်အထိ အန္တရာယ်များရှိနေသော်လည်း ရဲစွမ်းသတ္တိ ရှိလှသော ပြည်သူလူထုက ရေကာတာ တည်ဆောက်ခြင်းများကို ရပ်တန့်ပစ်ရန် တောင်းဆို နေသည်။ မြစ်များကို ကာကွယ်စောင့်ရှောက်ရန် လူထုဆုတောင်းပွဲများကို မြစ်ကမ်းပါး တလျှောက်နှင့် မြစ်အထက်ပိုင်း၊ အောက်ပိုင်း ဘုရားရှိခိုးကျောင်းများတွင် စဉ်ဆက်မပြတ် ကျင်းပနေသကဲ့သို့ ကျောင်းသားများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ၊ လူသိထင်ရှားသော ခေါင်းဆောင်များမှ ပိုစတာများ၊ အိတ်ဖွင့်ပေးစာများနှင့် နံရံပေါ် ဆေးမှုတ်ရေးသားခြင်းများ အားဖြင့် ရေကာတာ တည်ဆောက်ခြင်းကို ကန့်ကွက်ထားကြသည်။ စစ်အစိုးရတပ်

မြောက်ပိုင်း တိုင်းမှူးနှင့် မျက်နှာစုံညီ အစည်းအဝေးတွင် ဒေသခံ အမျိုးသမီးများက ထိုရေကာတာများတည် ဆောက်ခြင်းကြောင့် ၎င်းတို့လူထုနှင့် အနာဂါတ်မျိုးဆက်သစ်တို့ အတွက် ဖြစ်ပေါ်လာမည့် ဆုံးရှုံးမှုများသည် မည်သည့် လျော်ကြေးပမာဏနှင့်မျှ အစားထိုး၍ မရကြောင်း  ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့သည်။

မိမိတို့ KDNG သည် ထိုရေကာတာများကို ဆန့်ကျင်သော ကချင်ပြည်သူ၊ ပြည်သားများ၊ မြန်မာနိုင်ငံတဝှမ်းလုံးက ပြည်သူများနှင့် အတူတကွ လက်တွဲ၍ ရပ်တည်နေပါသည်။ ရေကာတာ စီမံကိန်းများအား ရပ်တန့်ပစ်ရန် တောင်းဆိုချက်ကို မိမိတို့မှ စစ်အစိုးရများ ထံသို့ ရှင်းရှင်း လင်းလင်းတင်ပြထားပြီးဖြစ်သည်။ ယခုအခါ၌ တရုတ် စွမ်းအင်ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်းနှင့် တရုတ်အစိုးရအား အဓိကထား၍ ရေကာတာများ တည်ဆောက် ခြင်းများ ရပ်တန့်ပေးရန် အတွက် မေတ္တာရပ်ခံအပ်ပါသည်။

# ဧရာဝတီ၊ မေခနှင့် မလိခ မြစ်များပေါ်တွင် တည်ဆောက်မည့် ရေကာတာများ



## နိဒါန်း

အရှေ့တောင်အာရှတိုက်၏ မြစ်ကြီးများအနက် မြစ်တစင်းဖြစ်သော ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ မြောက်ဖက်ရှိ ကချင်ပြည်နယ် မေခ နှင့် မလိခမြစ်နှစ်စင်းဆုံရာမှ စတင်ပါသည်။ ဤကြီးကျယ်ခန်းနားလှသည့် မြစ်ဆုံသည် ကချင်လူမျိုးများ၏ယဉ်ကျေးမှု၊ ရိုးရာအမွေအနှစ်တို့၏ အသည်းနှလုံးဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သူများ၏ အဆိုအရ ကမ္ဘာ့အကြွယ်ဆုံး ဇီဝဖြစ်စဉ်တည်ရှိမှုများအနက် တခု ဖြစ်သည်ဟု သတ်မှတ်ထားသည့်အပြင် မြေငလျင်လှုပ်လွယ်သော ဒေသတခုအဖြစ်လည်း သတ်မှတ်ထားပါသည်။ သို့ပါလျက် တရုတ်နိုင်ငံပိုင် တရုတ်စွမ်းအင်ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်းသည် မြစ်ဆုံနေရာနှင့် မြစ်ညာဖက်ပိုင်းတွင် ရေကာတာ (၇) ခု ဆောက်လုပ်ရန် ပြင်ဆင်ရာတွင် ဤမြစ်ဆုံ ရေကာတာမှာ ဧရာဝတီမြစ်မကြီးတွင် ပထမဦးဆုံး ဆောက်လုပ်သည့် ရေကာတာဖြစ်သည်။ မြန်မာစစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သော ယင်းကုမ္ပဏီသည် ဒေသခံပြည်သူများ၏ အပြင်းအထန် စိုးရိမ်ခြင်းများနှင့် ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ကန့်ကွက်မှုများရှိနေသည့် ကြားကပင် ၎င်းရေကာတာ စီမံကိန်းအား မျက်စိစုံမှိတ် ဆက်လက် လုပ်ဆောင်နေသည်။

## စီမံကိန်းဆိုင်ရာ အချက်အလက်များ

*ရေကာတာ (၇) ခု*

ဧရာဝတီမြစ်မပေါ်တွင် ရေကာတာတခု နှင့် မေခ နှင့် မလိခမြစ်များပေါ်၌ (မြေပုံတွင် ကြည့်ပါ။) ရေကာတာ ၆ ခု တည်ဆောက်မည်ဖြစ်သည်။ ရရှိလာသော ဓါတ်အားကို တရုတ်ပြည်သို့ရောင်းချမည်ဖြစ်ပြီး တရုတ်တောင်ပိုင်း စွမ်းအင် ဖြန့်ချီရေး ကုမ္ပဏီက တရုတ်နိုင်ငံ အတွင်း ဖြန့်ဝေသွားမည်ဖြစ်သည်။

*ဧရာဝတီမြစ်ဆုံရေကာတာ*

ရေကာတာမှာ ၁၅၂ မီတာ အမြင့်ရှိသည်။
ဓါတ်အား မဂ္ဂါဝပ် ၃၆၀၀ အား ထုတ်လုပ်နိုင်သည်။
ရေလှောင်ကန် အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၇၆၆ မိုင်ခန့် ရေဖုံးလွှမ်းနိုင်သည်။



## စီမံကိန်းကိုပေါင်းစပ်လုပ်ကိုင်သူများ

တရုတ်နိုင်ငံစွမ်းအင်ရင်းနှီးမြုပ်နှံမှုကော်ပိုရေးရှင်း (CPI)
အေးရှားဝေါ ကုမ္ပဏီ
မြန်မာစစ်အစိုးရ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ)

## အဓိက စိုးရိမ်ပူပန်ချက်များ

- ပြည်သူ ၁၅၀၀၀ ခန့် နေထိုင်သည့် ရွာပေါင်း ၆၀ ကျော် ၎င်းတို့၏ ဆန္ဒမပါဘဲ အတင်းအကြပ် ပြောင်းရွှေ့ခံတော့မည့် အခြေအနေသို့ရောက်ရှိနေသည်။ ထိုသို့ အတင်းအဓမ္မပြောင်းရွှေ့ခြင်းကြောင့် အလုပ်အကိုင်ရရှိခြင်း နှင့် မြေယာအပေါ် ပဋိပက္ခများဖြစ်ခြင်း အပါအဝင် များစွာသော လူမှုရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေနိုင်သည့်အပြင် အိမ်နီးနားချင်းတိုင်းပြည်များသို့ ရွှေ့ပြောင်းအလုပ် လုပ်ကိုင်ခြင်းနှင့် လူကုန်ကူးမှုများ ပိုမိုတိုးများလာစေနိုင်သည်။ အထူးသဖြင့် အမျိုးသမီးများအပေါ် သို့သက်ရောက်မှုများ ပိုရှိလာမည်ဖြစ်သည်။

*မြန်မာစစ်တပ်အရာရှိများနှင့် **CPI** ဒုတိယဥက္ကဌ **Zhang Xiaolu** တို့ ရေဝတီမြစ်ဆုံ ရေကာတာသို့ စက်တင်ဘာလ ၂၀၀၉ ခုနှစ်တွင် သွားရောက်လေ့လာနေစဉ်*



- ရေကာတာမှထုတ်လုပ်ရရှိသော လျှပ်စစ်ဓါတ်အားအများစုကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမည် ဖြစ်သည်။ မြန်မာနိုင်ငံ၌ အခြားရေအားလျှပ်စစ်ဓါတ်အားထုတ်လုပ်ရေး လုပ်ငန်းများမှရရှိသော အတွေ့အကြုံများအရ ကြွင်းကျန်သော ဓါတ်အားများကို မြန်မာစစ်တပ်နှင့် စစ်တပ်နှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများအတွက်သာ သုံးမည်ဖြစ်ပြီး သာမန်ဒေသခံ ပြည်သူများလက်သို့ မရောက်ရှိနိုင်တော့ခြင်း၊ ဝယ်ယူသုံးစွဲနိုင်ရန် မတတ်နိုင်ခြင်းတို့ ဖြစ်မည်။
- မြစ်ဆုံရေကာတာတခုတည်းမှ ထွက်ရှိသော လျှပ်စစ်ဓါတ်အားရောင်းချခြင်းမှ စစ်အစိုးရအတွက် ဝင်ငွေ တနှစ်လျှင် အမေရိကန်ဒေါ်လာ သန်း (၅၀၀) ကျော် ရရှိနိုင်မည်ဖြစ်သည်။ တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ငွေ ၃.၆ ဘီလီယံ ဒေါ်လာခန့် ရှိသည်။

## *လုပ်ပုံလုပ်နည်း အစီအစဉ်*

- မည်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ကျန်းမာရေးဆိုင်ရာ လေ့လာချက် တခုကိုမျှ တရားဝင် ထုတ်ဖော်ခြင်းမရှိပေ။
- သက်ဆိုင်ရာ ဒေသခံပြည်သူများအား ယင်းလုပ်ငန်းနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးခြင်းမရှိ။ ၎င်းတို့မှ ထုတ်ဖော်ပြောဆိုရန်အားထုတ်မှုများကိုလည်း ဥပက္ခာ ပြုထားခဲ့ဖြစ်သည်။
- နည်းစနစ်မကျသော လျော်ကြေးပေးခြင်းနှင့် ပြန်လည်နေရာချထားရေး လုပ်ပုံလုပ်နည်းအစီအစဉ်များအား လွတ်လပ်စွာ စောင့်ကြည့်ကြီးကြပ်မှုများ မရှိသည့်အပြင် တာဝန်ခံမှုလုပ်ငန်း ယန္တရားများ လုပ်ဆောင်ရာတွင် စစ်အာဏာပိုင်များက ခြိမ်းခြောက်အကြပ်ကိုင်ခြင်းများ သုံးနေသည်။

## *အသက်မွေးဝမ်းကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု*

- ကျေးရွာသူရွာသားများသည် ၎င်းတို့၏စိုက်ခင်းများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဆုံးရှုံးလိမ့်မည်။ သစ်တောများ ရေဖုံးလွှမ်းခြင်းခံရမည်။ ငါးလုပ်ငန်းမှရရှိသော ထုတ်ကုန်များ ကျဆင်းသွားလိမ့်မည်။ ဒေသခံ ကချင်လူမျိုးများနှင့် မြန်မာပြည်သူတရပ်လုံးအတွက် ယဉ်ကျေးမှုအရ အလွန်အရေးပါသော ဒေသတခုလုံးသည် ရေကာတာ ရေလှောင်ကန်၏ အောက်သို့ နှစ်မြုပ်သွားလိမ့်မည်။
- ရေကာတာသည် ကမ္ဘာ့အကြွယ်ဆုံး ဇီဝဖြစ်စဉ်တည်ရှိမှုများအနက် တနေရာဖြစ်သည့် မြစ်ညာ အထက် သစ်တောများကို ရေဖုံးလွှမ်းသွားမည်ဖြစ်သဖြင့် မြစ်အောက်ဖက် ရေနေသက်ရှိ တည်ရှိမှုစနစ်များအပေါ် ထိခိုက်မှုများရှိလိမ့်မည်

ဖြစ်သည်။ ထိုနေရာမှာ ပျောက်ကွယ်လုနီး ဧရာဝတီလင်းပိုင်များ နေထိုင်သည့် နေရာလည်းဖြစ်သည်။

- ရေကာတာသည် နုန်းမြေစီးဆင်းမှုကို ပိတ်စေသောကြောင့် မြစ်ရေ စီးဆင်းမှု လမ်းကြောင်းကို ပြောင်းလဲစေပြီး ဧရာဝတီမြစ်ကမ်းတလျှောက် စိုက်ပျိုးရေးအတွက် အလွန် အရေးပါသော မြစ်အောက်ပိုင်း ဒေသများရှိ ရေတင်မြေများဆီသို့ သဘာဝ ရေစီးဝင်မှုနှင့် မြေဆီ ဖြစ်ထွန်းမှုကို ပျက်စီးစေမည်။ ဧရာဝတီ မြစ်အောက်ပိုင်းရှိ မြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံဆန်ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းနီးပါး ထွက်ရှိသည်။

## လုံခြုံရေး

- ရေကာတာများသည် လုံးဝတည်ငြိမ်မှုမရှိသော အပစ်အခတ်ရပ်စဲ ဒေသတွင် တည်ရှိသည်။ တိုက်ပွဲများ ဖြစ်ပေါ်လာပါက ဒေသခံပြည်သူများ၊ စီမံကိန်းနှင့် တရုတ်နိုင်ငံမှ ဝန်ထမ်းများအတွက် အန္တရာယ်ရှိနိုင်သည်။
- မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေးစီမံချက်များနှင့်အတူ စစ်တပ်တိုးချဲ့ခြင်းနှင့် အတင်းအဓမ္မလုပ်အား ပေးခိုင်းစေမှုများ၊ မုဒိမ်းကျင့်ခြင်းများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ တပါတည်း ဖြစ်ပေါ်လေ့ရှိသည်ကို ကောင်းမွန်စွာ မှတ်တမ်းတင်ထားပြီးဖြစ်သည်။
- ရေကာတာသည် မြေငလျင်လှုပ်လွယ်သော ဒေသတခုအတွင်း အဓိကပြတ်ရွေ့ ကြောင်းမှ ကီလိုမီတာ (၁၀၀) အကွာတွင် တည်ရှိသည်။ အကယ်၍ ရေကာတာ ကျိုးပေါက်သွားပါက ရေကာတာ၏ မြစ်အောက်ဖက် ကီလိုမီတာ ၄၀ အကွာအဝေးတွင် သာ တည်ရှိသော လူဦးရေ ၁၅၀၀၀၀ နေထိုင်သည့် ကချင်ပြည်နယ် မြို့တော် ရေအလွှမ်းမိုးခံရနိုင်သည်။
- မြစ်အတွင်းနှင့် မြစ်ရိုးတလျှောက် သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ ထွက်လာသော မာကျူရီ (ပြဒါး) များသည် ရေကာတာများ၏နောက်တွင် စုပုံအနည်ထိုင်ကာ အဆိပ်ပိုပြင်းသော မီသိုင်းမာကျူရီ အဖြစ် ဓါတ်ပြောင်း၍ မြစ်အောက်ဖက်သို့ ထပ်မံစီးဆင်းသွားလိမ့်မည်။

## နောက်ဆုံးအခြေအနေ

### ရောဝတီမြစ်ဆုံရေကာတာ

### *နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းနှင့် အဆင့်မြင့်အရာရှိများ၏ သွားရောက်လည်ပတ်မှုများ*

၂၀၀၉ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်နိုင်ငံ စွမ်းအင်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း ဥက္ကဋ္ဌ မစ္စတာ လူဇင်ဟောင် (**Lu Quzhou**) တို့သည် မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ထုတ်လုပ်ရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဌာနနှင့် **CPI** အကြား နားလည်မှုစာချွန်လွှာကို သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ထိုသဘောတူစာချုပ်မှာ "ရောဝတီမြစ်ဆုံ မြစ်ညာဒေသနှင့် မေခ၊ မလိခဒေသအတွင်း ရေအားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေး၊ လည်ပတ်ရေးနှင့် ပေးပို့ရေး လုပ်ငန်းများ" အတွက်ဖြစ်သည်။ ဒေသခံပြည်သူများ၏ အဆိုအရ စစ်အစိုးရ၏ နံပါတ် (၂)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဇူလိုင် ၁၉ ရက်နေ့တွင် ချုပ်ဆိုသော **CPI** ၏ သဘောတူစာချုပ် အပြီး ရောဝတီမြစ်ဆုံဒေသသို့ သွားရောက်ခဲ့ကြောင်း သိရှိရသည်။ ထို့အပြင် စက်တင်ဘာ ၂၀ ရက်နေ့တွင် **CPI** ဒုဥက္ကဋ္ဌတဦးဖြစ်သော **Zhang Xiaolu**၊ မြန်မာစစ်အစိုးရ၏ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့် စစ်တပ်အရာရှိကြီးများ ဆည်တည်ဆောက်ရာ နေရာသို့ သွားရောက်၍ စီမံကိန်းဆိုင်ရာရှင်းလင်းပွဲတခု လုပ်ခဲ့ကြောင်း သိရှိရသည်။



*မြန်မာစစ်တပ်အရာရှိများက **CPI** ဒုတိယဥက္ကဋ္ဌ **Zhang Xiaolu** ကို စီမံကိန်းအခြေပြုပုံစံဇယားများ ရှင်းလင်းပြနေစဉ်*

## *စီမံကိန်းပုံစံပြဇယားများရေးဆွဲပြီးစီး၍ ဆက်သွယ်ရေးဌာနတခု တည်ဆောက်ပြီးစီးခြင်း*



တရုတ်နိုင်ငံ၊ ချန်ကျင်း ပညာပေးဌာန **(Changjiang Institute)** ၏ စစ်တမ်းကောက်ယူခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ ပုံစံရေးဆွဲခြင်းနှင့် သုတေသန **(CISPDR)** သည် ဧရာဝတီမြစ်ဆုံ ရေကာတာအတွက် အသေးစိတ် စီမံကိန်း ပုံစံပြဇယားများ ရေးဆွဲထားပြီးစီးခဲ့သည်။ ထိုဇယားများကို ရေကာတာဆောက်လုပ်ရေး လုပ်ကွက်ရှိ အေးရှားဝေါ စီမံကိန်း အလုပ်စခန်းတွင် ယခု ပြသထားသည်။ (ဓါတ်ပုံများကို ကြည့်ပါ။)။ ထိုအလုပ်စခန်းတွင် ရေကာတာ အလုပ်သမားများအတွက် အလုပ်သမားတန်းလျားများနှင့် **CPI** အင်ဂျင်နီယာများအတွက် အိမ်တလုံး ပါရှိသည်။  **CPI** နှင့် အေးရှားဝေါအတွက် ဆက်သွယ်ရေးဌာနတခုကို မြစ်ဆုံရေကာတာ လုပ်ကွက်မှ (၇) မိုင်အကွာရှိ မုန်ဂါဇွပ် **(Munggazup)** ကျေးရွာ၌ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလက  အပြီးသတ် တည်ဆောက်ခဲ့သည်။





*စီမံကိန်း ပုံစံ*

### *တရုတ်နိုင်ငံ စွမ်းအင်ရင်းနှီးမြုပ်နှံမှုကော်ပိုရေးရှင်း (CPI)*

CPI သည် “မြစ်ဆုံဒေသရေအားလျှပ်စစ်ထုတ်စီမံကိန်းများ” ၏ စီမံကိန်းမန်နေဂျာ ဖြစ်သည်။ တရုတ်နိုင်ငံ၏ ယခင် နိုင်ငံတော်စွမ်းအင်ကော်ပိုရေးရှင်း၏ တရားဝင် စီးပွားရေး တစိတ်တဒေသအဖြစ် CPI ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ တရားဝင်အရင်းအနှီး အမေရိကန်ဒေါ်လာ ၁.၅၇ ဘီလီယံနှင့်အတူ နိုင်ငံတော်မှ CPI အား ရင်းနှီးမြုပ်နှံမှု စမ်းသပ်အဖွဲ့အစည်းတခုအဖြစ် အတည်ပြု၍ CPI သည် နိုင်ငံတော်ဦးပိုင် ကော်ပိုရေးရှင်း တခုအဖြစ် နိုင်ငံတော် ကောင်စီ၏ သဘောတူခွင့်ပြုချက်ကို ရရှိထားသည်။ CPI သည် တရုတ်နိုင်ငံ၏ အကြီးမားဆုံးသော စွမ်းအင်ဓာတ်အား ထုတ်လုပ်သူများအနက် တခု ဖြစ်သည်။ CPI တွင် တရုတ်နိုင်ငံစွမ်းအင် နိုင်ငံတကာဦးပိုင်လီမိတက်နှင့် တရုတ်နိုင်ငံ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်အပါအဝင် ဟောင်ကောင် အစုရှယ်ယာ ဈေးကွက် စာရင်းဝင်သော တဦးတည်းပိုင် ကုမ္ပဏီများလည်းရှိသည်။ ၂၀၀၇ ခုနှစ် အစောပိုင်းတွင် CPI ၏ တောင်ပိုင်းဌာန ခွဲမှ မြန်မာရေအားလျှပ်စစ်ထုတ်ရေးဌာနခွဲတခု တည်ထောင်ခဲ့သည်။


## တရုတ်နိုင်ငံသည် ၎င်းချမှတ်ထားသော စံချိန်စံညွှန်းများကို လိုက်နာခြင်း မရှိဘဲ မြန်မာနိုင်ငံတွင်း တည်ဆောက်မည့် တရုတ်ရေကာတာများက တရုတ်နိုင်ငံစွမ်းအင်ဖြန့်ဖြူးရေးအတွက် ထောက်ပံ့ပေးမည်ဖြစ်သည်။



*ယူနန်ရှိ ပါဝါကြိုးလိုင်း*

မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာန အပါအဝင် စစ်တပ် အာဏာပိုင်များက ရေကာတာ (၇) ခုမှ ရရှိလာမည့် လျှပ်စစ်ဓါတ်အားများကို မြန်မာနိုင်ငံအတွင်းသာ သုံးစွဲမည်ဟု ပြောဆိုနေကြသော်လည်း တရုတ်ဘက်မှ သတင်း ပေးပို့ချက်များနှင့် **CPI** အတွင်း အထောက် အထားများက လျှပ်စစ်ဓါတ်အားများအား တရုတ်နိုင်ငံ အတွင်းသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြနေသည်။ ၂၀၀၇ ခုနှစ် မတ်လတွင် **CPI** တောင်ပိုင်းဌာနခွဲ၏ ဥက္ကဌနှင့် ယူနန်စွမ်းအင်ဖြန့်ဖြူးရေး ကုမ္ပဏီ (တရုတ်နိုင်ငံ တောင်ပိုင်း စွမ်းအင် ဖြန့်ဖြူးရေး ကွန်ယက် – **CSG** လက်အောက် ဌာနခွဲတခု) တို့ တွေ့ဆုံကာ ယင်းလုပ်ငန်းမှ ရရှိလာမည့် လျှပ်စစ်ဓါတ်အားများကို ယူနန် ပါဝါကြိုးလိုင်းများမှတဆင့် တရုတ်နိုင်ငံအတွင်းသို့ ထပ်ဆင့်ပြန်လွှတ်ပေးရေးကို ဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲများ အပြီး **CPI** နှင့် တရုတ်နိုင်ငံ တောင်ပိုင်းစွမ်းအင် ဖြန့်ဖြူးရေးကွန်ယက်များမှ ရေကာတာ(၇)ခုကို ပူးတွဲ ဖော်ထုတ်ရန် အတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တခုကို လက် မှတ်ရေးထိုးခဲ့သည်။

**CSG** သည် တရုတ်နိုင်ငံ တောင်ပိုင်းပြည်နယ် (၅) ခု အတွက် စွမ်းအင်ဖြန့်ဖြူး ပေးသည့်အပြင် ဒေသတခုနှင့် တခုအကြား လျှပ်စစ်ဓါတ်အားပို့ ဆောင်ပေးခြင်းနှင့် ဝယ်ယူခြင်း၊ ရောင်းချခြင်းများအတွက်လည်း တာဝန်ရှိသည်။



Project progress/项目动态

CPI Southern Branch president and manager of the Dept. of Planning & Development of CPI Southern Branch met leaders from Yunnan Power Grid Company

IOn the morning of 7th, March, CPI Southern Branch president Li Tiezheng and manager Xu Shubiao who is in charge of planning and development department in CPI Southern Branch made preliminary negotiation with leaders of Yunnan Power Grid Company on the scheme that Yunnan Power Grid Company would supply electric power to the construction site on CPI's projects in Myanmar and on the proposal that electricity yielding from Myanmar hydropower projects be transmitted back to China via Yunnan power network.

တရုတ်နိုင်ငံပိုင်ကော်ပိုရေးရှင်းကြီးက ရေကာတာများအတွက် ငွေကြေးစိုက်ထုတ်၊ ပုံစံရေးဆွဲ တည်ဆောက်ပေးမည်ဖြစ်ပြီး ထုတ်လုပ်ရရှိသော ဓါတ်အားများကို တရုတ်နိုင်ငံသို့ တရုတ်နိုင်ငံက ချမှတ်ထားသော မူဝါဒများနှင့်အညီ တင်သွင်း ပို့ဆောင်မည်ဖြစ်သည်။



*တန့်ဖဲကျေးရွာသို့ ရောက်ရှိလာကြသော အာဏာပိုင်များနှင့် စစ်တပ်ဖွဲ့များ*

သို့သော် ဤရေကာတာစီမံကိန်းများသည် တရုတ်နိုင်ငံက ချမှတ်ထားသော စံချိန်စံညွှန်းများကို လိုက်နာခြင်းမရှိပေ။ တရုတ်စံချိန်စံညွှန်းများတွင် ဆန်းစစ်လေ့လာခြင်း၊ သက်ရောက် မှုဒဏ် ခံရမည့် ပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပီပြင်သော ပြန်လည်နေရာချထားခြင်း အစီအမံများ ပါဝင်သည်။ ၎င်းပြည်တွင်း စံချိန်စံညွှန်းများအပြင် တရုတ်နိုင်ငံ၏ နိုင်ငံတော် ကောင်စီ၏ “နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အားပေးခြင်းနှင့် စံသတ်မှတ်ခြင်းဆိုင်ရာ မူဝါဒ (၉) ရပ်”က “အပြန်အလှန်လေးစားမှု”၊ “ဒေသခံ နေထိုင်သက်မွေးမှုများအား ထောက်ပံ့မှု” နှင့် “သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးအတွက် အာရုံစိုက်မှု”ကို တောင်းဆိုထားသည်။

## နှင်ထုတ်ခြင်း – အမိန့်နှင့် “သဘောတူညီချက်”

၂၀၀၉ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ကျိန်ခရန်ကျေးရွာ (မြစ်ဆုံရေကာတာ၏ တောင်ဖက်ခြမ်း၊ မြစ်အောက်ဖက် ၆ မိုင်အကွာတွင် တည်ရှိသည်။) မှ ရွာသားများအား ဆင့်ခေါ်၍ မြစ်ကြီးနားမြို့နယ်ဥက္ကဌနှင့် မြို့နယ်အုပ်ချုပ်ရေးရုံးမှ အရာရှိများ၊ မြေယာဌာနနှင့် အေးရှားဝေါ ကုမ္ပဏီမှ အရာရှိများနှင့် အစည်းအဝေး ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေး၌ ရွာသားများအား မိသားစုတိုင်း ထိုရွာမှ ပြောင်းရွှေ့ ပေးရမည်၊ ထို့သို့ ပြောင်းရွှေ့သည့်အတွက် လျော်ကြေးများပေးမည်ဟု ပြောကြားခဲ့သည်။ အရာရှိများသည် ၂၀၀၉ ခုနှစ်

စက်တင်ဘာလမှ စ၍ တစ်အိမ်တက် တစ်အိမ်ဆင်း သွားရောက်ကာ အိမ်ပိုင်ရှင်များအား ရွာမှ ထွက်ခွာပေးရန် သဘောတူကြောင်း စာချုပ်တွင် အတင်းအကြပ် လက်မှတ်ရေးထိုးခိုင်းခဲ့သည်။ ရွာပေါင်း ၆၀ အား ခြောက်လအတွင်း အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းကို ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် စတင်မည်ဖြစ်သည်။

ကျိန်ခရန် ကျေးရွာတွင် လူဦးရေ ၃၅၀ ခန့်နေထိုင်နေပြီး အများစုမှာ လယ်သမားများ ဖြစ်ကြသည်။ ထိုကျေးရွာတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ကတည်းက စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်း ဧက ၂၀၀၀၊ သစ်သီးစုံ စိုက်ခင်း ဧက ၃၀၀ နှင့် လိမ္မော်ခြံ ဧက ၂၀၀ ရှိသည်။

## လျော်ကြေးပေးသော လုပ်နည်းစဉ် အသွင်အဖြစ် မျက်နှာဖုံးစွပ်ထားသော အတင်းအဓမ္မ ရွှေ့ပြောင်းမှု

မြစ်ဆုံရေကာအတွက် လမ်းကြောင်းဖောက်လုပ်ရန်နှင့် ရေဖုံးလွှမ်းဇုံတည်ဆောက်နိုင်ရေး အတွက် ပြည်သူလူထု ၁၅၀၀၀ ခန့်အား အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းကို ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် စတင်မည်ဖြစ်သည်။ လူအများအား ရွာမှ တရားဝင် နှင်ထုတ် နိုင်အောင် လျော်ကြေးပေးသော လုပ်နည်းစဉ်အသွင် သုံး၍ ကြိုးပမ်းလုပ်ဆောင် နေပုံရသည်။ လက်ရှိအခြေအနေတွင် အေးရှားဝေါကုမ္ပဏီမှ အရာရှိများသည် ရွာသားများအား နောင်အချိန်ကာလ တခု၌ လျော်ကြေးပေးမည့် သဘောဖြင့် သူတို့၏ မြေဧရိယာအကျယ်အဝန်းတိုင်းတာခြင်းနှင့် ပိုင်ဆိုင်မှု ပစ္စည်းတန်ဖိုးများ "တွက်ချက်ခြင်းများ" ကို စတင်လုပ်ဆောင်နေသည်။ သို့သော်လည်း မည်သည့်နေ့ရက်တွင် လျော်ကြေးပေးမည် ဟူ၍ ရက်အတိအကျ သတ်မှတ်ထားခြင်းမရှိသေးပေ။[၁] ထိုလျော်ကြေးပေး လုပ်နည်းစဉ်မှာ အပြစ်အနာအဆာများနှင့် ပြည့်နှက်နေပြီး

၁။ တန်ဖဲ၊ ကျိန်ခရန်၊ အင်ဂျစ်၊ အင်ဆွန်၊ လဖ၊ လရန်၊ နောင်ခြိမ်း၊ အင်ဂန်း အပါအဝင် ကျေးရွာများစွာတွင် ယင်းလုပ်ငန်းစတင်နေပြီဖြစ်သည်။





ရေကြီးမှု အန္တရာယ်ကြုံတွေ့ရမည့် ကျိန်ခရန်ကျေးရွာရှိ ရော်ဘာနှင့် စပါးစိုက်ခင်းများ

အာဏာပိုင်များက အင်အားသုံး၍ လုပ်ဆောင်နေကြသည်။

- လျော်ကြေးငွေရရှိရန်အတွက် မြေပိုင်ရှင်တဦးချင်းစီ၌ မြေယာပိုင်ဆိုင်မှု အထောက်အထား ရှိရမည် ဖြစ်သည်။ သို့သော် လက်နက်ကိုင်ပဋိပက္ခ နှစ်ပေါင်း (၅၀) ကျော် ဖြစ်ပွားနေသော ထိုကျေးလက်ဒေသရှိ ပြည်သူအများစုမှာ ထိုမြေကို အစဉ်အဆက် အမွေဆက်ခံလာသူများ ဖြစ်ကာ အစိုးရမှ ထုတ်ပေးသော တရားဝင် ပိုင်ဆိုင်သူဖြစ်ကြောင်းဖော်ပြသည့် စာရွက် စာတမ်းများ မရှိကြပေ။

- အချို့ဖြစ်ရပ်များတွင် အဆောက်အဦးတန်ဖိုးကိုသာ ထည့်သွင်းစဉ်းစားထားပြီး မြေတန်ဖိုးကို ထည့်သွင်းမှု မရှိပေ။

- လယ်ယာမြေတွက်ချက်ခြင်းများသည် အကြမ်းဖျဉ်းခန့်မှန်းမှုများအပေါ်တွင်သာ အခြေခံထားပြီး ဧရိယာ အကျယ်အဝန်း အတိအကျ တိုင်းတာခြင်းများမရှိပေ။

- စိုက်ခင်းများ (သို့မဟုတ်) သစ်သီးခြံများ စိုက်ပျိုးထားသော မြေယာများအတွက် စတုရန်းပေ ၁၀ ပေ တွင် သစ်ပင်တပင်အဖြစ် သတ်မှတ်ပေးသည်။ ထိုနေရာတွင် သစ်ပင်မည်မျှ စိုက်ပျိုးထားသည်ကို ထည့်သွင်း စဉ်းစားခြင်းမရှိ။

- ရွာသားများသည် မြေအကျယ်အဝန်းတွက်ချက်မှု၊ သစ်ပင်အရေအတွက် တွက်ချက်မှု၊ ပိုင်ဆိုင်မှု ပစ္စည်းတွက်ချက်မှု မည်သို့ပင် တိကျမှု ရှိသည် ဖြစ်စေကာမူ၊ လျော်ကြေး ပေးရေး သဘောတူ စာချုပ်ကို အတင်းအကြပ် လက်မှတ်ရေးထိုးကြရသည်။ မြေခွန်အရာရှိတဦး၊ ကျေးရွာစုအရာရှိနှင့် စစ်အစိုးရက ကျောထောက်နောက်ခံပေး ထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အရာရှိများသည် လယ်ယာမြေ တခုချင်းစီသို့ လာရောက်ကာ အတင်း လက်မှတ် ထိုးခိုင်းခဲ့ကြသည်။



*နန်ဦးရွာရှိ ချီဖွေ ရေကာတာ ဆောက်လုပ်ရေး*

## ချီဖွေ ရေကာတာအား စတင်တည်ဆောက်နေ

ရေကာတာ (၇) ခုအနက် ဒုတိယအကြီးဆုံး ရေကာတာဖြစ်သော ချီဖွေရေကာတာမှ မဂ္ဂါဝပ် ၂၀၀၀ ပါဝါ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။ ရေကာတာလုပ်ကွက်သည် ချီဖွေမြို့၏ ဆယ်မိုင်အကွာရှိ မန်ဒုံ **(Mandung)** ကျေးရွာမှ မေခမြစ်ပေါ်တွင် ဖြစ်သည်။ ဝန်ထမ်းများ၊ အလုပ်သမားများ၊ အစိုးရအရာရှိများအတွက် အဆောက်အဦးများနှင့် ရဟတ်ယာဉ် ဆင်းကွင်း ၂ခုကို မန်ဒုံ တွင် ၂၀၀၈ ခုနှစ် အလယ်ပိုင်း၌ ဆောက်လုပ်ခဲ့သည်။

၂၀၀၈ ခုနှစ် နှောင်းပိုင်းကတည်းကစ၍ နည်းပညာရှင်များသည် စစ်တမ်းများကောက်ယူခြင်း၊ နမူနာပုံစံများ ကောက်ယူခြင်းများကို လုပ်ဆောင်နေပြီး အဓိကရေကာတာတည်ဆောက်မှု ကို ယခုအချိန်တွင် စတင်နေပြီးဖြစ်သည် (ဓါတ်ပုံများကို ကြည့်ပါ။) မြစ်ကမ်းပါးတလျှောက် မြေတူးစက်များ၏ အသံများ၊ ဖေါက်ခွဲ ပေါက်ကွဲမှုများ၏ အသံများက ကျေးရွာသားများ အတွက် အအိပ်ပျက်ခြင်းစသော အနှောက်အယှက်များဖြစ်စေသည်။ မြစ်ရေ၏ အရည်အသွေး သည်လည်း အပြောင်းအလဲ ဖြစ်လာသည်။

ရေကာတာ (၇) ခုနှစ်စလုံး တည်ဆောက်မှုအတွက် လိုအပ်သော ဓါတ်အားကို ဖြည့်ဆည်း ပေးရန် ချီဖွေ ချောင်းအပေါ်တွင် အငယ်စားရေကာတာတခုတည်ဆောက်ခဲ့ရာ ၂၀၀၇ ခုနှစ် ဧပြီလတွင် စတင်ခဲ့ပြီး၊ ထိုရေကာတာ တည်ဆောက်မှုအတွက် လယ်မြေဧက ၁၀၀ ကျော် အသိမ်းခံခဲ့ရသည်။

ချီဖွေ ရေကာတာ
ဆောက်လုပ်ရေး
အလုပ်သမားများ၏
နေအိမ်များ









နန့်ဦးရွာရှိ ချီဖွေ
ရေကာတာ
ဆောက်လုပ်ရေး

ချီဖွေ
ရေကာတာ၏
စံနမူနာပုံ



# ခုခံ တွန်းလှန်မှု

စစ်အစိုးရကလုပ်ဆောင်နေသော ဖွံ့ဖြိုးရေးစီမံချက်များကို လွတ်လပ်စွာဆွေးနွေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်းများသည် အလွန်အန္တရာယ်ကြီးသော်လည်း ၎င်းရေကာတာ စီမံကိန်းများအပေါ် ကြီးမားသော ခုခံတွန်းလှန်မှုများ ရှိနေသည်။ ဖမ်းဆီးခံရမှု၊ နှိပ်စက်ခံရမှု၊ အသက်ဆုံးရှုံးမှုများကို ရင်ဆိုင်ရဖွယ်ရှိသော်လည်း လူတန်းစား ပေါင်းစုံပါဝင်သော ရဲစွမ်းသတ္တိရှိလှသော ကချင်ပြည်သူများက ဆိုးကျိုးပေးမည့် ရေကာတာများကို ကန့်ကွက်ဆန့်ကျင်နေကြသည်။




## *လူအများလေးစားသော ခေါင်းဆောင်များမှ ကန့်ကွက်ကြောင်း အိတ်ဖွင့်ပေးစာ*

၂၀၀၇ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ကချင်ပြည်နယ် တဝှမ်း မြို့နယ်များမှ လူအများကြည်ညိုလေးစားသော ကချင်လူမျိုး မြို့မိမြို့ဖများနှင့် ခေါင်းဆောင် ၁၂ ဦးက ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ၎င်းစီမံကိန်းကို ရပ်တန့်ပေးရန် တောင်းဆိုထားသော ကန့်ကွက်စာတစောင်ကို ပေးပို့ခဲ့သည်။

## *လူထုဆန့်ကျင်ကန့်ကွက်မှုများ တိုးမြင့်လာနေခြင်း*

လွန်ခဲ့သော ၂ နှစ်အတွင်း "No Dam " (ရေကာတာ အလိုမရှိ) နှင့် "No Myitsone" (မြစ်ဆုံ ကို မထိနဲ့) ဟူသော စာသားများကို မြို့တော်မြစ်ကြီးနားရှိ တံတားများနှင့် အခြားအများပြည်သူဆိုင်ရာနေရာများတွင် ဆေးမှုတ်ရေးသားထားသည်ကို တွေ့ရသည်။ ကချင်ပြည်နယ်







*မြစ်ကြီးနားမြို့တွင် လှုပ်ရှားခဲ့သော ရေကာတာဆန့်ကျင်ရေး လှုပ်ရှားမှု စာတမ်းများ*

အတွင်းရှိ ချီဖွေ၊ မြစ်ကြီးနားနှင့် အခြားမြို့နယ်နှင့် ကျေးရွာများ၏ လူသိများသော နေရာများ တွင်လည်း ရေကာတာလုပ်ငန်းအပေါ် ကန့်ကွက်သော လက်ကမ်းစာစောင်များကပ်ထားခြင်း များလည်း ရှိခဲ့သည်။ မကြာသေးမီက ရေကာတာတည်ဆောက်ခြင်းကို ဆန့်ကျင်ကန့် ကွက်သော အများပြည်သူ ဆုတောင်းပွဲများလည်း ပြုလုပ်ခဲ့ကြသည်။

ယခုနှစ် စက်တင်ဘာလက ကျေးရွာသားများကို ကျိန်ခရန်ရွာ၌ အရာရှိများနှင့် တွေ့ဆုံရန် ဆင့်ခေါ်ရာတွင် နှစ်ရက်ကြာအစည်းအဝေးသို့ ရွာသားအချို့က အင်္ကျီမပါကိုယ်လုံးပြောင် ဖြင့် တက်ရောက်ခဲ့သည်။ ရိုးရာအစဉ် အလာ အရ လေးစားမှုမရှိဟု ပြသသော သင်္ကေတ ဖြစ်သည်။ လွန်ခဲ့သော အောက်တိုဘာလ ၉ ရက်နေ့က မြောက်ပိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ် စိုးဝင်းနှင့် အစိုးရဌာနဆိုင်ရာများ မြစ်ဆုံဒေသတဝိုက် ကျေးရွာများမှ ရွာသား တစ်ရာကျော်နှင့် တွေ့ဆုံခဲ့ရာ ထိုလူထုအစည်းအဝေးတွင် တန်ဖဲ ကျေးရွာမှာ အမျိုးသမီးများ အဖွဲ့အစည်း က တိုင်းမှူးအား ကျေးရွာများကို ပြောင်းရွှေ့မပစ်ရန် ပွင့်ပွင့်လင်းလင်း မေတ္တာရပ်ခံခဲ့သည်။

**“ဒီစီမံကိန်း ရပ်ဖို့ အဆင့်တိုး တောင်းဆိုဖို့က ကချင်ပြည်သူတွေမှာ တာဝန်ရှိ ပါတယ်။ သူတို့ကနေ မတောင်း ဆိုဘူးဆိုရင် သူတို့အတွက် အင်မတန် ကြီးမားတဲ့ သမိုင်းကြွေးတင်သွားမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြစ်ဆုံဒေသဆိုတာ ကချင်ရိုးရာအမွေအနှစ်ရဲ့ အရေးကြီးသော အစိတ်အပိုင်း တခုဖြစ်တာကြောင့်ပါ။” (ကချင်လူမျိုး တရားဟောဆရာ)**

*၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့က မြစ်ဆုံ၌ကျင်းပခဲ့သော ဆုတောင်းပွဲတခု*







## မြောက်ပိုင်းတိုင်းမှူးထံသို့ ဒေသခံအမျိုးသမီးက မေတ္တာရပ်ခံခြင်း

၂၀၀၉ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် တန်ဖဲ ကျေးရွာ အမျိုးသမီးအဖွဲ့ အစည်း က ကချင်ပြည်နယ် ဆိုင်ရာ မြန်မာ စစ်တပ်ထိပ်ပိုင်းအရာရှိထံသို့ လူသိ ရှင်ကြား မေတ္တာရပ်ခံချက်တခု ပြုလုပ်ခဲ့သည်။

*ကျမ တန်ဖဲကျေးရွာ အိမ်ထောင်ရှင်မများကိုယ်စား ပြောဆိုခြင်းဖြစ်ပါတယ်။ ကျမတို့ဟာ မြစ်ဆုံဒေသတွင် နှစ်ပေါင်း ရာနှင့်ချီ နေထိုင်လာကြသူများဖြစ်ပြီး အထွက်တိုးကောင်း သော စိုက်ပျိုးမြေများကိုလည်း တည်ထားပြီး ဖြစ်ပါတယ်။ ဤဒေသဟာ စိုက်ပျိုးရေး အတွက် အလွန်ကောင်းမွန်သော နေရာတခုဖြစ်ပြီး ကျမတို့ စိုက်ပျိုးမြေများကနေ သီးနှံမျိုးစုံထွက်ရှိပါတယ်။ ဤစိုက်ပျိုးမြေတွေဟာ ဒီကနေ့ ကျမတို့အတွက် သာမကပဲ ကျမတို့ရဲ့ အနာဂါတ်မျိုးဆက်များအတွက်လည်း ဖြစ်ပါတယ်။*

*အကယ်၍ ကျမတို့ နေရာအသစ်တခုဆီကို ပြောင်းသွားရမယ်ဆိုရင် ကျမတို့ အတွက် မကောင်းပါဘူး။ သီးနှံ အမျိုးစုံနဲ့ အထွက်ကောင်းသော စိုက်ပျိုးမြေတွေ တည်ထောင်ဖို့ ကျမတို့ နှစ်ပေါင်းများစွာ အချိန်ယူရပါတယ်။ အဲဒီမြေတွေက ယခုလက်ရှိ ကျမတို့မှာ ရှိနေတဲ့ မြေယာတွေလောက် ကောင်းမှာ မဟုတ်ပါဘူး။ ကျမတို့ ပြောင်းရွှေ့ရမဲ့နေရာကို ကျမတို့ရဲ့ စိုက်ပျိုးမြေတွေကို သယ်သွားလို့ မရပါဘူး။ ကျမတို့ အစားအစာအားလုံးကို ဝယ်ယူရမှာဖြစ်သကဲ့သို့ ကျမတို့ ကလေးတွေကလည်း ဈေးဆိုင်က ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာ တွေကို ဝယ်စားရပါလိမ့်မယ်။ ကျန်းမာရေးနှင့် ပညာရေးပြဿနာများအတွက် ကျမတို့ စိုးရိမ်ကြောင့်ကြမိပါတယ်။*


*ကျမတို့ ဘယ်နေရာကိုမှ မပြောင်းရွှေ့ချင်ပါဘူး။ ကျမတို့ရဲ့ စိုးရိမ်ချက်တွေကို နေပြည်တော်က စဉ်းစားပေးရန်အတွက် ဗိုလ်ချုပ်ကြီးက ဆက်လက်သတင်း သယ်ဆောင်သွားပေးပါဖို့ အထူးမေတ္တာရပ်ခံအပ်ပါတယ်။*

## တန့်ဖဲ မြစ်ဆုံမှ ကျေးရွာသားများက ၎င်းတို့ရိုးရာအမွေအနှစ်ကို ကာကွယ် စောင့်ရှောက်ကြခြင်း

လူဦးရေ ၁,၀၇၅ ရှိသော တန့်ဖဲ ကျေးရွာသည် မြစ်ဆုံတွင် တည်ရှိ၍ နှစ်ပေါင်းတရာကျော် မက တည်ရှိခဲ့သည့် ကျေးရွာတရွာဖြစ်သည်။ ရိုမန်ကက်သလစ်ဘုရားရှိခိုးကျောင်း၏ အဓိက သာသနာပြု ဘုရားရှိခိုးကျောင်းတခု အပါအဝင် သမိုင်းဝင်ဘုရားရှိခိုးကျောင်းများစွာ ထိုရွာတွင် တည်ရှိသည်။

၂၀၀၄ ခုနှစ်က တန့်ဖဲ ကျေးရွာတရွာလုံးမှ ရေကာတာတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏ စိုးရိမ်ချက်များနှင့် ထိုတည်ဆောက်မှုကို ရပ်တန့်ပေးရန်အတွက် အရေးယူ ဆောင်ရွက်ပေးရန်တောင်းဆိုထားသော အိတ်ဖွင့်ပေးစာကို ကချင်အတိုင်ပင်ခံ ကောင်စီနှင့် ကချင်အပစ်အခတ်ရပ်စဲထားသော အဖွဲ့အစည်းများထံသို့ ရေးသားပေးပို့ခဲ့သည်။

ယခုနှစ် အောက်တိုဘာလတွင်လည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထံသို့ ၎င်းရေကာတာ တည်ဆောက်ခြင်း စီမံကိန်းကို ဆန့်ကျင်ကန့်ကွက်ကြောင်း အသေးစိတ်တင်ပြထားသော အိတ်ဖွင့်ပေးစာ နောက်ထပ် တစောင်ကို ပေးပို့ခဲ့သည်။ ၎င်းအိတ်ဖွင့်ပေးစာက ဤစီမံကိန်း မစတင်မီ ရေရှည်အားဖြင့် သက်ရောက်မည့် ကောင်းကျိုး၊ ဆိုးကျိုးများကို ဖော်ထုတ် သည့် ဆန်းစစ်လေ့လာမှုများ လုပ်သင့်ကြောင်း အကြံပြု သည့်အပြင်၊ ရေကာတာဆောက် လုပ်ခြင်းကြောင့် ဆိုးရွားစွာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်နိုင်ချေရှိကြောင်းတွေ့ရှိပါက စီမံကိန်းကို ချက်ခြင်း ရပ်တန့်ပစ်ရန်ကို အကြံ ပြုထားသည်။


မြစ်ဆုံရေဝတီမြစ်တွင် တည်ဆောက်မည့်
ရေအားလျှပ်စစ် စီမံကိန်းကြီးကြောင့်
ရွှေ့ပြောင်းရမည့် ဒေသခံပြည်သူများ၏
ဆန္ဒနှင့်ရေဝတီမြစ်၏ ရေဒေသ
သမိုင်းကြောင်းတင်ပြစာ

၂၀၀၉ခုနှစ်၊ စက်တင်ဘာလ ( ၂၀ ) ရက်

*"ဤရေကာတာမှ ရေဝတီ မြစ်အောက်ပိုင်းရှိ မြို့ကြီး မြို့ငယ်၊ ရွာကြီး ရွာငယ်များတွင် မှီတင်းနေထိုင်သူများ အသက်နှင့် စည်းစိမ်ဥစ္စာများကို ဖျက်ဆီးပေလိမ့်မည်။ ငွေပုံပေး၍ဝယ်မရသော လယ်ယာမြေများ၊ ကျွဲနွား တိရစ္ဆာန်များနှင့် သမိုင်းဝင် အထင်ကရ နေရာများမှာ ဤရေကာတာကြောင့် လုံးဝ ပျောက်ကွယ် ဆုံးရှုံးသွားပါတော့မည်။ ဒေသခံ မှီတင်းနေထိုင်သူများ နှင့် နောင်လာနောက်သားတို့ အနာဂါတ်မှာလည်း ရေရာမှုမရှိ၊ ရေကာတာ၏ တည်ရှိခြင်းကြောင့် ဖြစ်ပေါ် လာနိုင်သည့် ထာဝရခြိမ်းခြောက်မှု အောက်၌သာ နေထိုင် အသက်ရှင် ရတော့ပေမည်။"*

(တန့်ဖဲကျေးရွာမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့သော အိတ်ဖွင့်ပေးစာမှ ကောက်နုတ်ချက်)

# အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုခြင်း

Mr. LU Qizhou
ဥက္ကဋ္ဌ
တရုတ်နိုင်ငံ စွမ်းအင် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (CPI)
၂၈ အဆောက်အဦ (၃)၊ နံပါတ်၏၂၈၊ ဘဏ္ဍာရေးလမ်း၊ Xicheng ခရိုင်၊
ဘေဂျင်း–တရုတ်နိုင်ငံ

အကြောင်းအရာ – **မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အတွင်း ဆောင်ရွက်နေသော ရေကာတာစီမံကိန်းများကို ရပ်တန့်ပစ်ရန် တောင်းဆိုခြင်း**

၂၀၀၉ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသိန်းလွင်နှင့် သင့်အကြား “ဧရာဝတီမြစ်ဆုံမြစ်ဝှမ်း မြစ်ညာဒေသနှင့် မေခ၊ မလိခ ဒေသအတွင်း ရေအား လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေး၊ လည်ပတ်ရေးနှင့် ပေးပို့ရေး စီမံကိန်းများ” ဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားခြင်းနှင့် ပတ်သက်၍ မိမိတို့ ကချင်လူမှုဖွံ့ဖြိုးရေး ကွန်ယက်အဖွဲ့ (KDNG) သည် ယင်းစီမံကိန်းများနှင့် ပတ်သက်၍ စိုးရိမ်ချက်များကို ထုတ်ဖော်ပြသရန်၊ ထိုစီမံကိန်းများအပေါ် ဒေသခံပြည်သူလူထု၏ ကြီးမားသောကန့်ကွက်မကို သင်သိရှိစေရန်နှင့် ဒေသခံပြည်သူများနှင့် သင်၏ ကုမ္ပဏီအပေါ်တွင် ကျရောက်နိုင်သည့် ဆိုးကျိုးများကို ရှောင်ရှားရန်အတွက် ထိုစီမံကိန်းများအား ရပ်တန့် ပေးရန်အတွက် စာရေးသားရခြင်းဖြစ်ပါ သည်။ မိမိတို့သည် စိုးရိမ်ပူပန်နေသော ဒေသခံ ပြည်သူများပါဝင် သည့် ကွန်ယက်တခုဖြစ်ပြီး ၂၀၀၅ ခုနှစ်မှစ၍ ၎င်းစီမံကိန်းနှင့် ၎င်း၏ သက်ရောက်မှု အကျိုးဆက်များကို စောင့်ကြည့် နေသော အဖွဲ့လည်းဖြစ်သည်။

မေခနှင့် မလိခ မြစ်များဆုံရာ မြစ်ဆုံနေရာတွင် ဧရာဝတီမြစ်ဆုံရေကာတာတည်ကြီးတခု တည်ဆောက်မှုအပေါ် မိမိတို့ ချက်ချင်းအာရုံစိုက်လာရသည်။ အထူး စိုးရိမ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

- **လူမှုရေးဆိုင်ရာစိုးရိမ်ချက်များ** – ရွာပေါင်း ၆၀ ကျော်သည် စနစ်တကျ ပြန်လည် နေရာ ချထားခြင်း အစီအစဉ်မရှိပဲ အတင်းအကြပ်ပြောင်းရွှေ့ခံနေရသည်။ ပြည်သူပေါင်း ၁၅,၀၀၀ သည် လယ်ယာစိုက်ပျိုးခြင်း၊ ငါးဖမ်းခြင်း၊ သစ်မာ မဟုတ်သော သစ်တောထွက်ပစ္စည်းရှာဖွေ ခြင်း လုပ်ငန်းများအပါအဝင် ၎င်းတို့၏ နေထိုင် သက်မွေးမှုလုပ်ငန်းများ ဆုံးရှုံးကြလိမ့် မည်ဖြစ်သည်။ ထိုပြောင်းရွှေ့ခြင်းက အလုပ်နှင့် မြေယာအပေါ် ဖြစ်ပေါ်လာမည့် ပဋိပက္ခ များအပါအဝင် များစွာသော မလိုလားအပ်သည့် လူမှုရေးပြဿနာများ ဖြစ်ပေါ်စေနိုင် သည်။ ထို့အပြင် အိမ်နီးနားချင်းတိုင်းပြည်များသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းနှင့်

လူကုန်ကူးမှုများ တိုးများလာစေနိုင်သည်။ ထိုဒေသအတွင်း လက်ရှိ ရှိနေပြီးဖြစ်သော ပြဿနာများ ဖြစ်သည့် အလုပ်လက်မဲ့ပြဿနာ၊ မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာနှင့် အိပ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ပြဿနာများကို ပိုမို၍ဆိုးဝါးသွားစေနိုင်သည်။ အထူးသဖြင့် အမျိုးသမီးများအပေါ် သက်ရောက်မှု ရှိလာမည်ဖြစ်သည်။

- **သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိုးရိမ်ချက်များ** – ၇၆၆ စတုရန်းမီတာ အကျယ်ခန့်ရှိသော ထိုရေလှောင်ကန်က ရေကာတာအထက်ပိုင်းရှိ ကမ္ဘာ့အပေါ် ကြွယ်ဝဆုံး ဇီဝဖြစ်စဉ် တခုကို ဖုံးလွှမ်းသွားမည်ဖြစ်သည်။ မြစ်ဆုံကို ပိတ်လိုက်ခြင်းက ရာသီအလိုက် ငါးများရွှေ့ ပြောင်းခြင်းကို အဟန့်အတားဖြစ်စေ၍ ငါးအရေအတွက်နှင့် ငါးအမျိုးပေါင်းမျိုးစုံ အပေါ် တွင် သက်ရောက်မှု ရှိလာမည် ဖြစ်သည်။ ထိုရေကာတာသည် မြစ်အောက်ဖက်တွင် နေထိုင်သော ပျောက်ကွယ်လုနီးဖြစ်သည့် ရောဝတီလင်းပိုင်များ၏ နေထိုင်ရာနေရာ ကိုလည်း သက်ရောက်မှု ရှိလာလိမ့်မည်ဖြစ်သည်။

- **နေထိုင်သက်မွေးမှုဆိုင်ရာ စိုးရိမ်ချက်များ** – ငါးလုပ်ငန်းများအပေါ် သက်ရောက်မှုရှိနိုင် သည့်အပြင် ရေကာတာသည် နုန်းမြေစီးဆင်းမှုကို ပိတ်စေပြီး မြစ်ရေစီးကြောင်းကိုလည်း ပြောင်းလဲသွားစေနိုင်သဖြင့် ဧရာဝတီမြစ်ကမ်းတလျှောက် စိုက်ပျိုးရေးအတွက် အလွန် အရေးကြီးသော မြစ်အောက်ပိုင်းဒေသများရှိ ရေတင်မြေများဆီသို့ သဘာဝရေစီးဝင်မှု နှင့် မြေဆီဖြစ်ထွန်းမှုကို ပျက်စီးစေမည်။ မြစ်အောက်ပိုင်းရှိ မြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံဆန်ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းနီးပါး ထွက်ရှိသည်။

- **လုံခြုံရေးဆိုင်ရာစိုးရိမ်ချက်များ** – ရေကာတာများသည် လုံးဝတည်ငြိမ်မှုမရှိသော အပစ် အခတ်ရပ်စဲ ဒေသတွင်တည်ရှိသည်။ တိုက်ပွဲများ ဖြစ်လာပါက ဒေသခံ ပြည်သူများ၊ စီမံကိန်းနှင့် တရုတ်နိုင်ငံမှ ဝန်ထမ်းများအတွက် အန္တရာယ် ရှိနိုင်သည်။ ရေကာတာ သည် မြေငလျင်လှုပ်မှုဖြစ်လွယ်သော ဒေသတခုအတွင်း အဓိကပြတ်ရွှေ့ ကြောင်းနှင့် ကီလိုမီတာ (၁၀၀) အကွာတွင် တည်ရှိသည်။ အကယ်၍ ရေကာတာ ပေါက်ကျိုးသွားပါက ရေကာတာ၏ မြစ်အောက်ဖက် ကီလိုမီတာ ၄၀ အကွာတွင်သာ တည်ရှိသော လူဦးရေ ၁၅၀,၀၀၀ နေထိုင်သည့် ကချင်ပြည်နယ်မြို့တော် ရေလွှမ်းခံရနိုင်သည်။

- **ယဉ်ကျေးမှုဆိုင်ရာစိုးရိမ်ချက်များ** – မြစ်ဆုံသည် ကချင်လူမျိုးတို့၏ စရိုက်လက္ခဏာ၊ သမိုင်းကြောင်းနှင့် တဆက်တည်းဖြစ်သကဲ့သို့ တတိုင်းပြည်လုံး၏ သဘာဝနှင့် ယဉ်ကျေးမှု ဆိုင်ရာ ရတနာတခုလည်းဖြစ်သည်။

- **လိုက်နာခြင်းမရှိသော စံချိန်စံညွှန်းများ** – မည်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ကျန်းမာရေးဆိုင်ရာ လေ့လာချက် တခုကိုမျှ တရားဝင် ထုတ်ဖော်ခြင်း

မရှိပေ။ စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် မည်သည့်အခါမှ ဆွေးနွေးတိုင်ပင်ခြင်း မရှိ သည့်အပြင် လူထုမှ စိုးရိမ်ချက်များအား ထုတ်ဖော်ပြောဆိုရန်အား ထုတ်မှုများကို လည်း ဥပက္ခောပြုထားဆဲဖြစ်သည်။ ရလဒ်အဖြစ် စစ်တပ် အာဏာပိုင်များ၏ ခြိမ်းခြောက်အကြပ်ကိုင် အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းကို ခံရသည်။ လွတ်လပ်စွာ စောင့်ကြည့်ကြီးကြပ်မှုများမရှိသည့်အပြင် တာဝန်ခံမှုလုပ်ငန်း ယန္တရားများလည်း မရှိပေ။

မြစ်ဆုံစီမံကိန်း၏ လက်ရှိအခြေအနေများကြောင့် တရုတ်နိုင်ငံတော်ကောင်စီ၏ "နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ အားပေးခြင်း နှင့် စံသတ်မှတ်ခြင်းဆိုင်ရာ မူဝါဒ (၉) ရပ်"ကို CPI က လိုက်နာရန် မဖြစ်နိုင်ပေ။ ထိုမူဝါဒများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက် ရေးဝန်ကြီးဌာန (MEP) နှင့် ကုန်သွယ်ရေးဝန်ကြီးဌာန (MOF COM) (သို့မဟုတ်) CPI ၏ ကိုယ်ပိုင် ကော်ပိုရေးရှင်းဆိုင်ရာ လူမှုရေးတာဝန်ရှိမှုစံချိန်စံညွှန်းများ၏ လက်ခံ သဘောတူခြင်းကို စောင့်ဆိုင်းနေသော လုပ်ပိုင်ခွင့်ရ လမ်းညွှန်ချက်များဖြစ်သည်။ တရုတ် နိုင်ငံ၏ စံချိန်စံညွှန်းများသည် အိမ်ရှင် မြန်မာနိုင်ငံထက် ပို၍ မြင့်မားသည်။ သို့သော် ယခု စီမံကိန်း မှာ တရုတ်နိုင်ငံ၏ စံချိန်စံညွှန်းများနှင့် လုံးဝမကိုက်ညီပေ။

မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေးစီမံချက်များနှင့်အတူ စစ်တပ်တိုးချဲ့ခြင်းနှင့် အတင်းအဓမ္မ လုပ်အား ပေးခိုင်းစေမှုများ၊ မုဒိမ်းကျင့်ခြင်းများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ တပါတည်း ဖြစ်ပေါ်လေ့ရှိသည်ကို ကောင်းမွန်စွာ မှတ်တမ်းတင်ထားပြီးဖြစ်သည်။

မြန်မာစစ်အစိုးရက ဆန့်ကျင်ကန့်ကွက်မှုများအား သည်းခံမှုလုံးဝမရှိသည်ကို လူအများ အသိ ဖြစ်သည်။ သို့သော် ဧရာဝတီမြစ်ဆုံရေကာတာနှင့်ပတ်သက်၍ လူသိရှင်ကြား ကန့်ကွက်မှုများအပါအဝင် ဒေသခံ ကန့်ကွက်မှုများ တစစ တိုးများလာနေသည်။ ကချင် ပြည်နယ်အနှံ့ မြို့နယ်များမှ လူအများလေးစားကြည်ညိုသော မြို့မိမြို့ဖများနှင့် ခေါင်းဆောင် များ အပါအဝင်မှ ဤရေကာတာ စီမံကိန်းအား ရပ်တန့်ပေးရန်အတွက် မေတ္တာရပ်ခံထား သော အိတ်ဖွင့်ပေးစာများကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ပို့၍ မေတ္တာရပ်ခံသော်လည်း ယခုတိုင် လစ်လျူရှု ခံနေရဆဲဖြစ်သည်။ ထို့ကြောင့် အထက်ဖော်ပြပါ စိုးရိမ်ချက်များကို အခြေခံ၍ မိမိတို့ KDNG က သင့်ထံ ယခုကဲ့သို့ မေတ္တာရပ်ခံရခြင်းဖြစ်သည်။

သင့်ကုမ္ပဏီ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်၊ ယခုစီမံကိန်းနှင့် ဆက်စပ်သော ဆိုးဝါးလှသည့် လူ့အခွင့်အရေး ချိုးဖောက်မှုမျိုးစုံတွင် လက်လျှိုပါဝင်ခြင်းကို ရှောင်ရှားနိုင်ရန်အတွက်၊ သင့်အနေဖြင့် မြစ်ဆုံရေကာတာနှင့် ကချင်ပြည်နယ် အတွင်းတည်ဆောက်မည့် အခြား ရေကာတာများကို ချက်ချင်းရပ်တန့်ပစ်ရန်၊ မြန်မာစစ်အစိုးရနှင့် ပြုလုပ်ထားသည့် ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ထုတ်သွားရန် မိမိတို့က CPI ကို အကြံပြု တိုက်တွန်းလိုက် ပါသည်။

မိတ္တူ–

မစ္စတာ Hu Chunguang, ညှိနှိုင်းဆက်သွယ်ရေးတာဝန်ခံ၊ CPI မြန်မာ ဌာနခွဲ
နိုင်ငံတော်ကောင်စီ
အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်
သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး ဝန်ကြီးဌာန
Yan Xiaofeng, နိုင်ငံတော်ပိုင်ပစ္စည်းများအားကွပ်ကဲရေးနှင့် အုပ်ချုပ်ရေး
နိုင်ငံခြားရေးဝန်ကြီးဌာန
ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**"ဤရေကာတာဆောက်လုပ်ခြင်းကြောင့် ဆိုးရွားလှသည့် သဘာဝဘေးဒဏ် အန္တရာယ်များ ပြည်သူလူထုအပေါ် ကျရောက်မည် ကို တရုတ် ရေအားလျှပ်စစ် ကုမ္ပဏီများ အနေဖြင့် သဘောပေါက်နားလည်နိုင်ပါစေ ဟု မိမိတို့ ဆုတောင်း ပါသည်။ ဒေသခံ မီတင်းနေထိုင်သူများအနေဖြင့် သူတို့ဘိုးစဉ်ဘောင်ဆက် ဆက်ခံ နေထိုင်လာသည့် ဤမွေးရပ်ဌာနေမှ မစွန့်ခွာလိုကြပါ။"**

(တန်ဖဲကျေးရွာမှ ပိုလ်ချုပ်မူးကြီးသန်းရွှေထံ ပေးပို့သော အိတ်ဖွင့်ပေးစာမှ ကောက်နှုတ်ချက်)

“ကျနော်တို့ ကချင်ပြည်သူတွေက မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို
မကြိုက်ကြတာ ကလေးတွေကအစ သက်ကြီးရွယ်အိုတွေ အဆုံးပါ။
မြစ်ဆုံဒေသဆိုတာ မျိုးဆက်အစဉ်အဆက် ကျနော်တို့ကချင်ပြည်သူတွေရဲ့
ယဉ်ကျေးမှုနှင့်သမိုင်းရဲ့ အစိတ်အပိုင်းတခုပါ။ ဒါကို ကာကွယ်ရပါမယ်။
မြစ်ဆုံဆိုတာ ဒီမှာနေနေတဲ့ ကျနော်တို့ ကချင်ပြည်သူတွေ အတွက်သာ
အကျိုးဖြစ်ထွန်းစေတာမဟုတ်ပါဘူး၊ မြန်မာနိုင်ငံအနှံ့ ဧရာဝတီမြစ်ရိုး
တလျှောက်နေထိုင်နေကြတဲ့ ပြည်သူတွေအားလုံးအတွက်ပါ အကျိုးရှိ
စေတာပါ။” (ကချင်လူမျိုး ယဉ်ကျေးမှုခေါင်းဆောင်)

